## ၂။ အကြောင်းအချက်များ ရှာဖွေပေးခြင်း

အကြောင်းအချက် ရှာဖွေပေးရာတွင် စာကြည့်တိုက်မှူးသည် နည်း ၂ မျိုးကို သုံးလေ့ရှိပါသည်။

### ၁။ ရေတိုရှာဖွေခြင်း

အကြောင်းအချက်သည် ရှာရန်မခက်လှသော အချက်အလက်ဖြစ်၍ စာကြည့်တိုက်မှူးက ချက်ချင်းရှာဖွေပေးနိုင်သည့် နည်းဖြစ်သည်။ ယေဘုယျအားဖြင့် သိလိုသော အချက်အလက်သည် သာမန်မျှဖြစ်လျှင် အသင့်သုံးရည်ညွှန်းစာအုပ်များ Ready references ဖြစ်သည့် စွယ်စုံကျမ်း Encyclopedia အဘိဓာန် Dictionary၊ နှစ်ချုပ် Year book၊ လက်စွဲစာအုပ် Hand book၊ လမ်းညွှန်စာအုပ် Guide book၊ အတ္ထုပ္ပတ္တိအဘိဓာန် Biographical dictionary၊ မြေပုံစာအုပ် Map နှင့် ဂေဇက်တီးယား Gazetter တို့ကို အသုံးပြု၍ ရှာဖွေပေးနိုင်ပါသည်။ ဤရည်ညွှန်းစာအုပ်များကို တိုက်ရိုက်ရည်ညွှန်း Direct references များဟုလည်း ခေါ်ဝေါ်ပါသည်။

### ၂။ ရေရှည်ရှာဖွေခြင်း

သုတေသနလုပ်ငန်းများဖြစ်သည့် ဟောပြောပို့ချချက် Lecture စာတမ်းငယ် Termpaper သုတေသနစာတမ်း Reserach paper ကျမ်းပြုခြင်း Thesis နှင့် စာအုပ်ပြုစုရေးသားခြင်းတို့တွင် လိုအပ်သည့် အကြောင်းအချက်၊ အထောက်အထားများ ရှာဖွေပံ့ပိုးပေးရသော လုပ်ငန်းဖြစ်သည်။ ဤလုပ်ငန်းတွင် စာကြည့်တိုက်မှူးသည်

ရေရှည်ရှာဖွေမှုတွင် စာကြည့်တိုက်မှူးသည် အသင့်သုံးရည်ညွှန်းများအပြင် တဆင့်ခံရည်ညွှန်းများ Indirect references ဖြစ်သည့် အညွှန်း၊ စာစုစာရင်း၊ ပညာရပ်ကတ်တလောက်၊ သီးသန့်စာအုပ်စာရင်မား အသုံးပြု၍ စာကြည့်တိုက်မှူးသည် ကိုယ်တိုင် သို့မဟုတ် သုတေသီကိုယ်တိုင်ရှာဖွေတတ်စေရန် လမ်းညွှန်ပြသကူညီပေးရပါသည်။ ဤကူညီမှုနှင့် မလုံလောက်သေးပါက သိလိုသောပညာရပ်နှင့် ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များထံ လမ်းညွှန်ပေးရပါသည်။ လိုအပ်ပါက စာကြည့်တိုက်အချင်းချင်း ငှားရမ်းသည့် Interlibray loan စနစ်ဖြင့် ငှားရမ်းပံ့ပိုးပေးရပါသည်။

## ၃။ ရည်ညွှန်းစာအုပ်များ ရွေးချယ်ပေးခြင်း

သိလိုသည့် အကြောင်းအချက်၊ ရလိုသည့် ဗဟုသုတကို မည်သည့်ရည်ညွှန်းစာအုပ်တွင် တွေ့ရှိနိုင်သည်၊ မည်ကဲ့သို့ ရှာဖွေအသုံးပြုနိုင်သည်ကို လမ်းညွှန်ပြသပေးခြင်း ဖြစ်သည်။ ကွန်ပျူတာနည်းပညာကို အသုံးပြုပါက ကွန်ပျူတာ၊ အင်တာနက်တို့မှတဆင့် မည်ကဲ့သို့ရှာဖွေရနိုင်သည်ကို လမ်းညွှန်ပြသပေးခြင်းတို့ ဖြစ်သည်။